# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဥပဒေ

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ

### မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အခန်း (၁) | |
| | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၃။ | အခန်း (၂) | |
| | ဖွဲ့စည်းခြင်း | ၂ |
| ၄။ | အခန်း (၃) | |
| | တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၃ |
| ၅။ | အခန်း (၄) | |
| | အထွေထွေ | ၅ |

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ

( နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၁ / ၂၀၁၀ )
၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
( ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၈ ရက် )

## နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားတိုင်းသည် လွှတ်တော်များသို့ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးကြရာတွင် ကြီးကြပ်ပေးရန်နှင့် နိုင်ငံရေးပါတီများကိုလည်း ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ နှင့်အညီ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) **လွှတ်တော်**ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည် –
  (၁) ပြည်သူ့လွှတ်တော်၊
  (၂) အမျိုးသားလွှတ်တော်၊
  (၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်။

(ခ) **လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်ကိုလည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ကိုလည်းကောင်း ဆိုသည်။

(ဂ) **ရွေးကောက်ပွဲ** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲတို့ကို ဆိုသည်။

(ဃ) **မဲဆန္ဒနယ်** ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ရွေးကောက်တင်မြှောက်ရန် ဥပဒေနှင့်အညီ ကော်မရှင်က သတ်မှတ်သော ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်ကိုဆိုသည်။

(င) **မဲစာရင်း** ဆိုသည်မှာ မဲဆန္ဒနယ်များအတွက် ပြုစုထားသော ဆန္ဒမဲပေးခွင့်ရှိသူများ၏ စာရင်းကို ဆိုသည်။

(စ) **ကော်မရှင်** ဆိုသည်မှာ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးပါတီများကို ကြီးကြပ်နိုင်ရေး အတွက်လည်းကောင်း ဤဥပဒေနှင့်အညီ ဖွဲ့စည်းသော ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကို ဆိုသည်။

(ဆ) **ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည် –

(၁) နေပြည်တော် ကော်မရှင်အဖွဲ့ခွဲ၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ၊

(၄) ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊

(၅) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊

(၆) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ။

(ဇ) **နိုင်ငံရေးပါတီ** ဆိုသည်မှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော နိုင်ငံရေး အဖွဲ့အစည်းကို ဆိုသည်။

(ဈ) **ရွေးကောက်ပွဲခုံအဖွဲ့** ဆိုသည်မှာ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အငြင်းပွားမှုကို လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့ဝင် ရွေးချယ်ခန့်ထားခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်ကို လည်းကောင်း ကြားနာစစ်ဆေးရန် ကော်မရှင်က ဤဥပဒေနှင့်အညီ ဖွဲ့စည်းသော အဖွဲ့ကို ဆိုသည်။

## အခန်း(၂)
## ဖွဲ့စည်းခြင်း

၃။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပထမအကြိမ်လွှတ်တော် ရွေးကောက်ပွဲများကို ကျင်းပနိုင်ရေးအတွက် လည်းကောင်း၊ နိုင်ငံရေးပါတီများကို ကြီးကြပ်နိုင်ရေးအတွက် လည်းကောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် ကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အနည်းဆုံး အဖွဲ့ဝင် ငါးဦးကို ခန့်အပ်တာဝန် ပေးအပ်နိုင်သည်။

၄။ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် –

(က) အသက် ၅၀ နှစ် ပြည့်ပြီးသူများ ဖြစ်ရမည်။

(ခ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ယူဆသူဖြစ်ရမည်။

(ဂ) သိက္ခာသမာဓိနှင့် ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူဖြစ်ရမည်။

(ဃ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်။

(င) နိုင်ငံရေးပါတီဝင် မဟုတ်သူဖြစ်ရမည်။

(စ) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်း မပြုသူဖြစ်ရမည်။

၅။ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထံ စာဖြင့် တင်ပြပြီး နုတ်ထွက်နိုင်သည်။

၆။ ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ အခြား အကြောင်းတစ်ခုခုကြောင့် ဖြစ်စေ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာလစ်လပ်လျှင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဤဥပဒေနှင့်အညီ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အသစ်ခန့်အပ် တာဝန်ပေးနိုင်သည်။ ထိုသို့ ခန့်အပ်တာဝန်ပေးခြင်းခံရသော ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ကော်မရှင်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်စေရမည်။

၇။ ဖွဲ့စည်းထားသော ကော်မရှင်၏သက်တမ်းသည် နိုင်ငံတော်သမ္မတက ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကော်မရှင် တစ်ရပ်ကိုဖွဲ့စည်းပြီးသည်အထိ ဖြစ်သည်။

## အခန်း(၃)

## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊

(ခ) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊

(ဂ) ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ဖွဲ့စည်းခြင်း၊ ဖွဲ့စည်းစေခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊

(ဃ) မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊

(င) မဲစာရင်းများ ပြုစုခြင်း၊ ပြုစုစေခြင်း၊ ပြင်ဆင်ခြင်းနှင့် ပြင်ဆင်စေခြင်း၊

(စ) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရ သော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်း မရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလွှာထုတ်ပေးခြင်း၊

(ဇ) ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲ ခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊

(ဈ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇၆၊ ပုဒ်မခွဲ (ဇ)အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ရွေးချယ်ခန့်ထားရာ၌ ယင်းသို့ ရွေးချယ်ခန့်ထားသည့် ပုဂ္ဂိုလ်နှင့် ပတ်သက်၍ ကန့်ကွက်ချက်များရှိပါက ယင်းကန့်ကွက်ချက်များကို စစ်ဆေးဆုံးဖြတ်ပေးနိုင်ရေးအတွက် ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊

(ည) ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် ရန်ပုံငွေ ခွဲဝေချထားခြင်း၊ အသုံးစရိတ်များကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊

(ဋ) နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊ ကြီးကြပ်စေခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဌ) ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၉။ အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကော်မရှင်၏ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည် –

(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊

(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများနှင့် ပြင်ဆင်မှုများ၊

(ဂ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ ဆောင်ရွက်ချက်များ။

## အခန်း(၄)
## အထွေထွေ

၁၀။ ကော်မရှင်နှင့် ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်၏ ကုန်ကျစရိတ်များ၊ ရွေးကောက်ပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို နိုင်ငံတော်၏ဘဏ္ဍာငွေမှ ကျခံရမည်။

၁၁။ ကော်မရှင်သည် ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပနိုင်ရန် လိုအပ်မည့် အကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ တောင်းခံရယူနိုင်သည်။

၁၂။ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်နှင့် ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်၏ ဆောင်ရွက်ဆဲ လုပ်ငန်းများကို ဤဥပဒေအရ ဖွဲ့စည်းသော ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်က ဆက်ခံ ဆောင်ရွက်ရမည်။

၁၃။ ကော်မရှင်သည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၁၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်၊ ၁/၈၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ